HRAN

လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုကွန်ယက်



# ၁၀၂၇ စစ်ဆင်ရေးအတွင်း အကြမ်းဖက် စစ်ကောင်စီမှ ရှမ်းပြည်နယ်မြောက်ပိုင်း မြို့နယ်များတွင် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ



၂၇ရက် အောက်တိုဘာလ ၂၀၂၄

# မာတိကာ

၁။ နိဒါန်း

၂။ လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုကွန်ယက် မိတ်ဆက်ခြင်း

၃။ အချက်အလက်ကောက်ခံသည့်နည်းနာ

၄။ "၁၀၂၇ စစ်ဆင်ရေး" နောက်ခံအကြောင်း

၅။ အကြမ်းဖက်စစ်ကောင်စီမှ ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပေါ် သုံးသပ်ချက်

- အရပ်သား ပြည်သူများအပေါ် လေကြောင်းအသုံးပြုတိုက်ခိုက်မှု
- နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်မှု
- မြေမြှုပ်မိုင်းထိခိုက်မှု အခြေအနေ
- ပရမ်းပတာ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုနှင့် နေအိမ်အဆောက်အအုံ ထိခိုက်ပျက်စီးမှု
- လမ်းပန်းဆက်သွယ်ရေး ဝန်ဆောင်မှုအခြေအနေ
- ကျန်းမာရေးနှင့် ပညာရေးအခြေအနေများ

၆။ နိုင်ငံတကာအစိုးရနှင့် အဖွဲ့အစည်းများထံ တောင်းဆိုချက်များ

# နိဒါန်း

မြန်မာနိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံ နေထိုင်လျှက်ရှိပြီး နှစ်ပေါင်းများစွာ ပြည်တွင်းစစ်၏ အကျိုးဆက်များကြောင့် ယနေ့အချိန်ထိ စစ်ဘေးရှောင်နေရခြင်း၊ ပညာရေးရပ်တန့်နေရခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့်မရခြင်း၊ စီးပွားရေး ကျဆင်းခြင်းနှင့် လူမှုရေးအဆင်မပြေမှု စသော ဆိုးကျိုးများစွာ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို လက်ခံခြင်းမရှိဘဲ မဲမသမာမှုစွပ်စွဲချက်ဖြင့် အကြမ်းဖက်စစ်ကောင်စီမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ပြည်သူမှ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်အမတ်များကို ဖမ်းဆီးခြင်းနှင့် နိုင်ငံရေးပါတီအချို့ကို ဖျက်သိမ်းပြီး နိုင်ငံ့အာဏာကို မတရားသိမ်းယူခဲ့သည်။ အာဏာသိမ်းပြီးနောက် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုများမှ အကြမ်းမဖက်သော နည်းလမ်းဖြင့် တော်လှန်ခြင်း၊ အစိုးရဌာနဆိုင်ရာဝန်ထမ်းများမှ CDM ပြုလုပ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်များသည်လည်း အကြမ်းဖက်စစ်ကောင်စီအား တော်လှန်တိုက်ခိုက် နေကြသည်။

ရှမ်းပြည်မြောက်ပိုင်းတွင် ညီနောင်မဟာမိတ် (၃)ဖွဲ့ဖြစ်သော တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA)၊ ရခိုင်တပ်တော်(AA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA) အဖွဲ့တို့မှ ဦးဆောင်ပြီး အောက်တိုဘာလ ၂၇ရက် ၂၀၂၃ ခုနှစ်တွင် "၁၀၂၇ စစ်ဆင်ရေး"ကို စတင်ဖော်ဆောင် ခဲ့ပါသည်။ **"၁၀၂၇ စစ်ဆင်ရေး"** ကာလအတွင်းတွင် အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်အသုံးပြုပြီး ပြည်သူလူထုကို ဦးတည်တိုက်ခိုက်ခြင်း၊ ပြည်သူပိုင် အိုးအိမ်များအပါအဝင် အများပိုင် အဆောက်အဦး ဖြစ်သည့် ဘာသာရေးအဆောက်အဦး၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဈေး စသဖြင့် ဦးတည်တိုက်ခိုက်ခြင်းများ ပြုလုပ်သည့်အပြင် လေကြောင်းအသုံးပြုခြင်း အပါအဝင် လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်း၊ ပြည်သူ လူထုအား မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ အစအန ပျောက်ခြင်း၊ မြေမြှုပ်မိုင်း အသုံးပြုခြင်းစသည့် စစ်ရာဇဝတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ကျူးလွန်နေပါသည်။

ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်မှုများကို လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုကွန်ယက်မှ ရှမ်းပြည်မြောက်ပိုင်းတွင် ဖြစ်ပွါးလျက်ရှိသော **"၁၀၂၇ စစ်ဆင်ရေး"** တစ်နှစ်အတွင်း ပြည်သူများ ကြုံတွေ့နေရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်းပြည်ပရှိ နိုင်ငံတကာအဖွဲ့ အစည်းများ သိရှိလာစေရန်၊ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် အမှုမှန်/အမှန်တရားများ ပေါ်ပေါက်ပြီး တရားမျှတမှု ရရှိလာစေရန်၊ အကြမ်းဖက်စစ်ကောင်စီမှ ကျူးလွန်နေသော စစ်ရာဇဝတ်မှု၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်သောပြစ်မှုများအပေါ် နိုင်ငံတကာအဖွဲ့အစည်းမှ အပြစ်ပေးအရေးယူလာစေရန်နှင့် အစီရင်ခံစာ တွင်ပါရှိသော လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များကို နိုင်ငံတကာ တရားရုံးတွင် သက်သေ အထောက်အထားအဖြစ် ထည့်သွင်း၊ အသုံးပြုလာစေရန် အတွက် ရည်ရွယ်ပြီး ဤအစီရင်ခံစာကို ထုတ်ပြန်ခြင်း ဖြစ်သည်။

အစီရင်ခံစာတွင်ပါရှိသော လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များသည် အကြမ်းဖက်စစ်ကောင်စီ တပ်မှကျူးလွန် ချိုးဖောက်သော လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များ ဖြစ်သည်။ မန္တလေးတိုင်း မိုးကုတ်မြို့နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ မြို့နယ် (၁၄) မြို့နယ်တွင် ဖြစ်ပွါးခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကွန်ယက်မှ လက်လှမ်းမှီ ကောက်ခံသည့် အချက်အလက်များကို အစီရင်ခံစာအဖြစ် ထုတ်ပြန်ထားသည်။ မြေပြင်တွင် အကြမ်းဖက်စစ်ကောင်စီမှ ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် ကွန်ယက်မှ ထုတ်ပြန်သည့် အချက်အလက်များ ထက်ပိုမိုများပြား နိုင်သည်။

## ၁။ လူ့ အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုကွန်ယက် မိတ်ဆက်ခြင်း

လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုကွန်ယက်(HRAN)သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြေစိုက်သော အရပ်ဖက်လူမှု အဖွဲ့အစည်းများမှ ၂၀၂၀ခုနှစ် ဇူလိုင်လ ၉ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် ကွန်ယက်ဖြစ်သည်။ ကွန်ယက်သည် **"ငြိမ်းချမ်းပြည့်စုံသည့် လူ့အခွင့်အရေး ရရှိသော လူမှုအသိုင်းအဝန်းဆီသို့"** ဟူသော ပန်းတိုင်ဖြင့် လုပ်ငန်းများ ဖော်ဆောင်လျက်ရှိသည်။

ကွန်ယက်မှ လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များကို တိကျခိုင်မာသည့် အချက်အလက်များဖြင့် ကောက်ခံ မှတ်တမ်းတင်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ အမှုမှန်/အမှန်တရား ပေါ်ပေါက်ပြီး တရားမျှတမှုရရှိစေရန်နှင့် တိကျခိုင်မာသည့် အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ကာ ထုတ်ပြန်ရန် ရည်ရွယ်သည်။

ကွန်ယက်တွင် ပါဝင်သော အရပ်ဖက်လူမှုအဖွဲ့အစည်းများမှာ

(၁) တအာင်းအမျိုးသမီးအဖွဲ့အစည်း(Ta'ang Women's Organization - TWO)

(၂) တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ (Ta'ang Students and Youth Union - TSYU)

(၃) တအာင်းဥပဒေအထောက်အကူပြု ဖောင်ဒေးရှင်း (Ta'ng Legal Aid Foundation - TLAF)

(၄) ပေါင်းစည်းအားအင်စတီကျု့ (Paungsee Arr Institute - PAI)

(၅) New Star Law Firm တို့ ဖြစ်ပါသည်။

## ၂။ အချက်အလက်များ ကောက်ခံသည့် နည်းနာများ

လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုကွန်ယက်သည် ၁၀၂၇ စစ်ဆင်ရေးအတွင်း အကြမ်းဖက် စစ်ကောင်စီ၏ ကျူးလွန်ချိုးဖောက်နေသော လူ့အခွင့်အရေး အချက်အလက်များကို ကွန်ယက်တွင်ပါဝင်သော အရပ်ဖက်လူမှုအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ ကွင်းဆင်းလုပ်သားများမှ မြေပြင်အထိ ကွင်းဆင်းကာ လူ့အခွင့်အရေးချိုးဖောက်ခံရသူ၊ ကျန်ရစ်သူမိသားစုဝင်များနှင့် မျက်မြင်သက်သေများကို တွေ့ဆုံမေးမြန်းခြင်း၊ ကွင်းဆင်းရန် ခက်ခဲသော ဒေသအချို့တွင် ဖုန်းဖြင့်သော်လည်းကောင်း အွန်လိုင်းဆက်သွယ်ရေးဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းကာ အချက်အလက်များ စုဆောင်းခြင်း၊ သတင်းမီဒီယာနှင့် အွန်လိုင်းစာမျက်နှာများတွင် ဖော်ပြသော လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များ စုဆောင်းပြီး မှတ်တမ်းတင်ခြင်းတို့ လုပ်ဆောင်နေသည်။

## ၃။ '၁၀၂၇ စစ်ဆင်ရေး' နောက်ခံအကြောင်း

"**၁၀၂၇ စစ်ဆင်ရေး**"သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်နေ့တွင် မြောက်ပိုင်းညီနောင်မဟာမိတ်သုံးဖွဲ့ဖြစ်သည့် မြန်မာ့အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA) နှင့် ရက္ခိုင့်တပ်တော်(AA)၊ တို့မှ ပြည်သူလူထုများ၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်နိုင်ရေး၊ မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်ရေး၊ မိမိတို့ဒေသကို မိမိတို့ယနုထက် ပိုမိုထိန်းချုပ်လာနိုင်ရေး၊ မိမိတို့အဖွဲ့အစည်းများ အပေါ်တွင် အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်း၊ လက်နက်ကြီးများဖြင့် နေ့၊ ည အချိန်မရွေး ပစ်ခတ်တိုက် ခိုက်နေမှု အပေါ် ဟန့်တားမှု ရရှိနိုင်ရေး၊ မြန်မာပြည်သူ တစ်ရပ်လုံး၏ လိုလားချက်ဖြစ်သော စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရေး၊ လက်ရှိ တရုတ်-မြန်မာ နယ်စပ်ဒေသအပါအဝင် မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်လာသည့် အွန်လိုင်း လောင်းကစား ပပျောက်ရေး၊ ကြာဖြန့် (ခေါ်) အွန်လိုင်းငွေကြေး လိမ်လည်မှုပြုသော ကုမ္ပဏီများနှင့် အဆိုပါလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေသော အကြမ်းဖက်စစ်ကောင်စီနှင့် ပြည်သူ့စစ်အဖွဲ့များကို နှိမ်နင်းနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် အတူတကွ ဟန်ချက်ညီညီ ပူးပေါင်းဆင်နွှဲလိုက်သည့် စစ်ဆင်ရေးဖြစ်ပါသည်၊

ရှမ်း/မြောက် "၁၀၂၇ စစ်ဆင်ရေး"ကို ထောက်ခံသည့်အနေဖြင့် ၂၀၂၃ခုနှစ် နိုဝင်ဘာလ၊ (၇)ရက်နေ့တွင် ကယားပြည်နယ် အတွင်းရှိ တော်လှန်ရေးအဖွဲ့များမှ "၁၁၀၇ စစ်ဆင်ရေး"နှင့် "၁၁၁၁ စစ်ဆင်ရေး"ကို စတင်ခဲ့သည်။ ထို့နောက် ရက္ခိုင့်တပ်တော်(AA)တပ်ဖွဲ့သည်လည်း ရှမ်းမြောက်ဒေသ "၁၀၂၇ စစ်ဆင်ရေး" ကာလထက် နှစ်ပတ်ကျော် နောက်ကျပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၊ (၁၃)ရက်နေ့တွင် ရခိုင်ဒေသ စစ်ဆင်ရေးကို စတင်ခဲ့ပါသည်။ နေရာဒေသအနှံ့အပြားတွင် ဖြစ်ပွားခဲ့သည့် စစ်ဆင်ရေးကြောင့် အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီတပ်များ အထိနာခဲ့ရပြီး ၎င်းတို့စိုးမိုးထားသည့် နယ်မြေနှင့် တပ်စခန်း အများစုကို တော်လှန်ရေးအင်အားစုများထံ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်နေ့တွင် စတင်လိုက်သည့် "၁၀၂၇ စစ်ဆင်ရေး" ပထမလှိုင်းတွင် MNDAA တပ်ဖွဲ့မှ ရှမ်းပြည် မြောက်ပိုင်းအတွင်းရှိ သိန္နီ၊ ကွမ်းလုံ၊ ဖောင်းဆိုင်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ကုန်းကြမ်း၊ ကြူးကုတ်(ပန်ဆိုင်း)နှင့် မုံးကိုးမြို့နယ်တို့ကို သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး TNLA တပ်ဖွဲ့မှ နမ့်ခမ်း၊ ကွတ်ခိုင်၊ နမ္မတူ၊ နမ့်ဆန်၊ မန်တုံ၊ မိုင်းငေါ့နှင့် မိုင်းလုံမြို့နယ်တို့ကို သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပါသည်။ ထို့အပြင် မူဆယ်(၁၀၅မိုင်)ဒေသကို မြောက်ပိုင်းညီနောင်သုံးဖွဲ့မှ ပူးပေါင်းထိန်းချုပ်ထား လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၅ရက်နေ့တွင် ရှမ်း/မြောက် "၁၀၂၇ စစ်ဆင်ရေး" ဒုတိယလှိုင်း ပြန်လည်စတင်ပြီး အကြမ်းဖက် စစ်ကောင်စီ၏ ကျန်လျက်ရှိသော မြို့နှင့်တပ်စခန်းများကို တော်လှန်ရေးအင်အားစုများက စတင်ပြီး ထိုးစစ်ဆင် တိုက်ခိုက် ခဲ့သည်၊ "၁၀၂၇ စစ်ဆင်ရေး" ဒုတိယလှိုင်းအတွင်းတွင် MNDAA မှ လားရှိုး အခြေစိုက် ရမခတိုင်းကို သိမ်းပိုက်နိုင်ခဲ့သည်၊ TNLA တပ်ဖွဲ့သည်လည်း ကျောက်မဲ၊ မိုးကုတ်၊ မိုးမိတ်နှင့် သီပေါမြို့တို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး နောင်ချိုမြို့နယ်တွင် ကျန်ရှိသည့် အကြမ်းဖက်စစ်ကောင်စီ၏ တောင်ခမ်းတပ်စခန်းတွင် ယနေ့အထိ တိုက်ပွဲများပြင်းထန် လျက်ရှိသည်။

*"၁၀၂၇ စစ်ဆင်ရေး" အတွင်း အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်မှု မြို့ပြမြေပုံ*



## ၄။ '၁၀၂၇ စစ်ဆင်ရေး' အတွင်း အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှု အခြေအနေများ

အကြမ်းဖက်စစ်ကောင်စီသည် "၁၀၂၇ စစ်ဆင်ရေး" တစ်နှစ်အတွင်း ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်များတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာ ကျူးလွန်နေခဲ့သည်။ ကျူးလွန်ချိုးဖောက်သော လူ့အခွင့်အရေးများသည် လေကြောင်းအသုံးပြုတိုက်ခိုက်ခြင်း၊ လက်နက်ကြီးရမ်းသမ်း ပစ်ခတ်ခြင်း၊ အပြစ်မဲ့ အရပ်သားပြည်သူများ သတ်ဖြတ်ခြင်း၊ ပစ်ခတ်ခြင်း၊ မြေမြှုပ်မိုင်း အသုံးပြုခြင်း၊ စစ်လက်နက် အကြွင်းအကျန်ပစ္စည်းများ ပေါက်ကွဲခြင်း၊ မုဒိမ်းပြုကျင့်ခြင်း၊ ဒရုန်းဖြင့် ပစ်ခတ်ခြင်း စသည်တို့ဖြစ်သည်။ ကွန်ယက်၏ အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်းပြီး ကောက်ခံရရှိ ထားသည့် အချက်အလက်များသည် နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ ကွမ်းလုံ၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ လားရှိုး၊ မိုးကုတ်၊ မိုးမိတ်၊ နောင်ချို၊ သီပေါ၊ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်၊ မိုင်းလုံနှင့် မိုင်းရော် မြို့ စသည်တို့ဖြစ်သည်။


### ၁၀၂၇ စစ်ဆင်ရေး တစ်နှစ်အတွင်း အကြမ်းဖက်စစ်ကောင်စီ လူ့အခွင့်အရေးချိုးဖောက်မှုပြ ဇယား

| စဉ် | လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ | သေဆုံးသူ | | | ဒဏ်ရာရသူ | | | စုစုပေါင်း ထိခိုက်သူ |
|---|---|---|---|---|---|---|---|---|
| | | ကျား | မ | မသိ | ကျား | မ | မသိ | |
| ၁ | အရပ်သားများအပေါ် လေကြောင်းစုံးကြဲတိုက်ခိုက်မှု | ၅၅ | ၃၂ | ၂၀ | ၇၈ | ၈၅ | ၅၀ | ၃၂၀ |
| ၂ | စိတ်သင်တိုင်း မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် | - | - | - | ၂၇ | - | - | ၂၇ |
| ၃ | လက်နက်ကြီး ပစ်ခတ်မှု | ၈၇ | ၇၁ | ၆ | ၁၂၀ | ၉၉ | ၁၈ | ၄၀၁ |
| ၄ | ဒရုန်းအသုံးပြု ဗုံးကြဲခြင်း | ၁၂ | ၈ | - | ၁၄ | ၁၉ | - | ၅၃ |
| ၅ | သတ်ဖြတ်ခြင်း | ၂၄ | ၇ | ၂ | - | ၆ | ၃ | ၄၂ |
| ၆ | မြေမြှုပ်မိုင်း | ၇ | ၃ | | ၈၀ | ၃၀ | - | ၁၂၉ |
| ၇ | မုဒိမ်းကျင့်ခြင်း | - | - | - | - | ၁ | - | ၁ |
| ၈ | အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ | - | - | - | - | ၆ | - | ၆ |
| ၉ | ပစ်သတ်ခြင်း | - | - | - | ၄ | ၈ | | ၁၂ |
| ၁၀ | ညှင်းပန်းနှိပ်စက်ခြင်း၊ လူ့မဆန်စွာ ပြုမူခြင်း | - | - | - | ၂ | - | - | ၂ |
| ၁၁ | စစ်လက်နက်ကြွင်းကျန်များ ပေါက်ကွဲမှု | ၅ | - | - | ၁၃ | - | - | ၁၈ |
| စုစုပေါင်း ထိခိုက်မှု စရင်း | | ၁၉၀ | ၁၂၁ | ၂၈ | ၃၄၆ | ၂၅၅ | ၇၁ | ၁၀၁၁ |

## (ဃ) အရပ်သား ပြည်သူများ အပေါ် လေကြောင်း ဗုံးကြဲ တိုက်ခိုက်မှု

| "၁၀၂၇စစ်ဆင်ရေး" တစ်နှစ်အတွင်း လက်လှမ်းမှီ ကောက်ခံရရှိသော အဆောက်အဦးထိခိုက်မှုစာရင်းများ | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မြို့နယ်များ | နမ့်ခမ်း | မူဆယ် | သိန္နီ | ကွတ်ခိုင် | လားရှိုး | လောက်ကိုင် | နမ့်ဆန် | နမ္မတူ | မန်တုံ | ကျောက်မဲ | နောင်ချို | သီပေါ | မိုးမိတ် | မိုးကုတ် |
| ထိခိုက်မှုစာရင်း | ၂၈၆ | ၈၅ | ၃၆ | ၃၆၆ | ၂၄ | ၂၀ | ၁၅၉ | ၂၂ | ၁၇ | ၈၅ | ၁၈ | ၉ | ၄၅၉ | ၄၇၉ |
| စုစုပေါင်းထိခိုက်ပျက်ဆီးမှု = ၁၃၀၅ | | | | | | | | | | | | | | |

အကြမ်းဖက်စစ်ကောင်စီသည် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များသိမ်းပိုက်ထားသည့် ရှမ်းပြည်နယ် မြောက်ပိုင်း မြို့အများစုတွင် အရပ်သားစစ်ဖက် အဆောက်အဦးများကို ခွဲခြားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကို သိသိသာသာကျူးလွန်နေပြီး တော်လှန်ရေးအင်အားစုများ၏ အုပ်ချုပ်ရေး ယန္တယားများ မလည်ပတ်နိုင်ရေးနှင့် ပြည်သူလူထုများ မိမိနေရပ်တွင် မနေဝံ့အောင် ရည်ရွယ်ချက် ရှိရှိဖြင့် တိုက်ခိုက်နေသည်ကို မြေပြင်အခြေအနေကို ကြည့်ခြင်းအားဖြင့် တွေ့ရှိရသည်။




ကောက်ခံစုစည်းထားသည့် အချက်အလက်များအရ မြို့နယ်(၁၄) မြို့တွင် လေကြောင်းတိုက်ခိုက်မှု ကြောင့် သေဆုံးသူ (၁၀၈)ဦးနှင့် ထိခိုက်ဒဏ်ရာ(၁၈၃)ဦး ရှိပြီး စုစုပေါင်း (၂၉၁) ဦး ရှိခဲ့ပါသည်။ လေကြောင်း တိုက်ခိုက်မှုဖြစ်စဉ်များတွင် အများနှင့်သက်ဆိုင်သည့် ဈေး၊ စာသင်ကျောင်းနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦးများကို ဦးတည်တိုက်ခိုက်နေသည်ကိုလည်း တွေ့ရှိရပါသည်။

## ဂျက်ဖိုက်တာ လေယာဉ်ဗုံးကြဲမှုကြောင့် ၁၁နှစ်အရွယ် ကလေး ၁ဦး သေဆုံးပြီး ၂ ဦး ဒဏ်ရာရသည့် ဖြစ်စဉ်

မိုးမိတ်မြို့နယ် နန်းခမ်းအင်းရပ်ကွက်တွင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့ နံနက်ပိုင်း ၈ နာရီခွဲ အချိန်မှာ အကြမ်းဖက် စစ်ကောင်စီ၏ လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သားအမိနှစ်ဦး အပါအဝင် ဒေသခံ (၃)ဦး ထိခိုက် ဒဏ်ရာရရှိပြီး အသက် (၁၁)နှစ်အရွယ်ရှိ သားဖြစ်သူမှ ပွဲချင်းပြီးသေဆုံးခဲ့ပါသည်။



"ဂျက်ဖိုက်တာ လေယာဉ်က အိမ်အနောက်ဘက် အစ်မတို့ ရှိတဲ့နေရာကို လာချတာ၊ အစ်မသားလေး ပွဲချင်းပြီးသေသွားတယ်၊ အစ်မနဲ့ အစ်မတူလေးက ဒဏ်ရာ ကြီးကြီးမားမား ရကြတယ်၊ တစ်လတိတိ ဆေးကု ရတာပေါ့၊ အခုတောင်မှ ကောင်းကောင်း မသက်သာသေးလို့ ဆေးရုံမှာ တစ်ရက်ခြား တစ်ခါပြ နေရတယ်။ အဲ့လေယာဉ်ကို တကယ်စိတ်နာတယ်၊ သူတို့ကြောင့် အစ်မသားလေး မသေသင့်ဘဲသေ သွားရတာ၊ သူတို့သာ လာမချရင် အစ်မသားလေး သေသွားမှာ မဟုတ်ဘူး။ အခုတော့ အပြစ်မဲ့တဲ့ အစ်မသားလေး ဆုံးသွားတာ။ ဒဏ်ရာရတဲ့သူကိုပဲ ခေါ်ထုတ် သွားနိုင်တယ်၊ သားလေးကိုတော့ ဒီမှာထားခဲ့ ရတယ်"ဟု ကလေးဆုံးရှုံး ခဲ့ရသော မိခင် ဖြစ်သူမှ ပြောသည်။

အဆိုပါ အမျိုးသမီးသည် ညာဘက်လက်အရိုး၊ ရင်သား၊ နောက်ကျော၏ ဘယ်ဘက်ခြမ်းတွင် ဗုံးအစများ ထိမှန်ခဲ့ပြီး သေဆုံးသွားသည့် သူမ၏ ကလေးသည် ကျောအနောက်ခြမ်း ပေါက်ပြီး၊ ခြေထောက်ကျိုး ပျက်သည်အထိ ဗုံးစများ ထိမှန်ခဲ့ပါသည်။

"လေယာဉ်လာဝဲနေတော့ ဒဏ်ရာရတဲ့သူကိုပဲ ခေါ်ထုတ်သွားနိုင်တယ်၊ သားလေးကိုတော့ အဲဒီမှာပဲ ထားခဲ့ရတာပေါ့၊ သားလေးကို အများကြီးမျှော်မှန်းထားတာ သူ့ကို ကိုရီးယားသင်တန်းတက်ခိုင်းမှာ သူဖြစ်ချင်တာ အကုန်လုပ်ပေးဖို့ ဆုံးဖြတ်ချက်ချထားပြီးသား မိခင်တစ်ယောက် အနေနဲ့ ရှိချင်ရှိ မရှိချင်နေ သားလေး ဘဝလှပနေဖို့အတွက် အကုန်လုံးကို ပံ့ပိုးပေးမှာ၊ တစ်ခုပဲတောင်းဆိုချင်တယ်၊ အပြစ်မရှိတဲ့ နေရာတွေမှာ လာမချပါနဲ့ အပြစ်မဲ့ ပြည်သူနေတဲ့နေရာမှာ လာချရင် အပြစ်မဲ့ပြည်သူတွေ သားသမီးတွေ ဆုံးရှုံးရတယ်" ထိခိုက်သူ အမျိုးသမီးက ထပ်မံ ပြောပြခဲ့သည်။

ဆုံးရှုံးသွားသည့် သူမ၏သားကို မည်သည့်အရာနှင့်မှ မလဲနိုင်ကြောင်း၊ အမှန်တကယ် နှစ်နှစ်ခါခါ ခံစား နေရကြောင်းနှင့် မိခင်တစ်ယောက်အနေဖြင့် သားတစ်ယောက်ကို ဆုံးရှုံးသွားသည့်အခါ ရှုံးမတက် ခံစားနေရပြီး ကြေကွဲဝမ်းနည်းကြောင်း ရင်ဖွင့်ပြောဆို လာခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီသည် ၂၀၂၄ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့ ညနေပိုင်း အချိန်တွင် သိန္နီမြို့မဈေး၊ ဩဂုတ်လ ၅ရက်နေ့ ညနေပိုင်း ကွတ်ခိုင်မြို့မဈေး၊ စက်တင်ဘာလ ၆ရက်နေ့တွင် နမ့်ခမ်းမြို့ ညဈေးနှင့် စက်တင်ဘာလ ၂၇ရက်နေ့ည လားရှိုးမြို့မဈေးတို့တွင် လေကြောင်းဖြင့် ပေါင်(၅၀၀)ဗုံးများ အသုံးပြုပြီး ဗုံးကြဲခဲ့သည်၊

ထိုသို့ ဗုံးကြဲရာတွင် နမ့်ခမ်းမြို့ ညဈေးတန်းအနီးနှင့် ဟိုကတ်ရပ်ကွက်တို့တွင် အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဗုံးကြဲခဲ့ရာမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးနှင့် ကလေးငယ်အပါအဝင် အပြစ်မဲ့အရပ်သား (၁၁)ဦး သေဆုံးပြီး (၁၃)ဦး ဒဏ်ရာရရှိခဲ့ပါသည်။





နမ့်ခမ်းမြို့ ညဈေးအနီးတွင် လေယာဉ်ဗုံးကြောင့် မိသားစုလိုက် သေဆုံးမှုပုံ



ထို့ပြင် အကြမ်းဖက်စစ်ကောင်စီမှ တိုက်ပွဲဖြစ်ပွါးခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အတွက် အရပ်သားပြည်သူ အများအပြား ထိခိုက် သေဆုံးခဲ့ရသည့်အပြင် ဟိုတယ်၊ ဈေး၊ ဘာသာရေး အဆောက်အဦး အများအပြားထိခိုက်ပျက်စီးခဲ့ပြီး မြို့နေပြည်သူလူထု အများစုမှာ မိမိနေအိမ်တွင် မနေရဲတော့ဘဲ ထပ်မံတိမ်းရှောင် နေကြရပါသည်။

အကြမ်းဖက် စစ်ကောင်စီသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူသားမျိုးနွယ်များ အပေါ်တွင် လူ့အခွင့်အရေးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေပြီး အရပ်သားပြည်သူမြောက်များစွာ၏ အသက်အိုးအိမ် စည်းစိမ်များစွာ ဆုံးရှုံးနေခဲ့ပါသည်။

## (ခ) နေရပ်စွန့်ခွါထွက်ပြေးတိမ်းရှောင်နေမှုအခြေအနေ

၂၇ ရက် အောက်တိုဘာလ ၂၀၂၃ ခုနှစ် တွင် စတင်ခဲ့သော ၁၀၂၇ စစ်ဆင်ရေး (၁) နှစ်တာကာလ အတွင်း ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်အများစုမှ ဒေသခံပြည်သူ များသည် မိမိတို့၏အိုးအိမ်ကို စွန့်ခွာပြီး ဘေးကင်းလုံခြုံမည်ဟု ယူဆသည့် နေရာဒေသများသို့ ခက်ခဲပင်ပန်းစွာ ထွက်ပြေးတိမ်းရှောင် ခဲ့ကြရပါသည်။

*"၂၀၂၃ နှစ်ကုန်ပိုင်းမှာ ကွတ်ခိုင်မှာ စစ်ပွဲတွေ ဖြစ်ခဲ့တယ် စကစ ဘက်က ပစ်လိုက်တဲ့ ဗုံးက အိမ်မှာ လာကျတော့ ထပ်မနေရဲ တော့လို့ ရွာပိုင်းမှာ ထွက်ပြေးသွားကြတယ်၊ ရွာဘက် ရောက်တော့ အစားအသောက် အဆင်မပြေဘူး၊ လမ်းတွေပိတ်တော့ ဝယ်လို့မရဘူး၊ အခြေခံ အစားအသောက် တွေလဲ ပျက်လတ်ကုန်တယ်၊ အမျိုးထဲက ဗုံးစတွေထိလို့ သေဆုံးခဲ့ရတယ်"ဟု စစ်ရှောင်ခဲ့ရသည့် ဒေသခံ အမျိုးသား တစ်ဦးက ပြောပြခဲ့သည်။*



နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်ခဲ့ရသည့် ပြည်သူအများစုမှာ လူသားချင်းစာနာထောက်ပံ့မှုများ အပြည့်အဝ မရရှိဘဲ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ တိုက်ပွဲများ ဖြစ်ပွါးခြင်း မရှိသော်လည်း အကြမ်းဖက်စစ်ကောင်စီ၏ တစ်ဖက်သတ် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများ မိမိနေရပ်သို့ မပြန်လာရဲသေးဘဲ ယနေ့အထိ ထွက်ပြေး တိမ်းရှောင်နေရဆဲဖြစ်ပါသည်။

ပြည်သူအများစုမှာ အစားအသောက်၊ နေရာထိုင်ခင်းနှင့် အခြေခံအသုံး အဆောင်ပစ္စည်းများ လိုအပ်နေသည့် အတွက်ကြောင့် ရွက်ဖျင်တဲထိုးပြီးနေထိုင်ရခြင်း၊ စားသောက်ရေးအတွက် ဆန်အလုံ အလောက် မရှိသည့်အတွက် ဆန်ပြုတ်ချက်စားကာ ဖြတ်သန်းနေကြရပါသည်။ အချို့သော နေရာဒေသ များတွင် ကူညီထောက်ပံ့မှု မရရှိသည့်အပြင် ကုန်စျေးနှုန်းများ အဆမတန်ထိုးမြင့်လာပြီး ကူညီငွေနှင့် သုံးစွဲငွေမှာ မျှတမှု မရှိခဲ့ပါ။

## (ဂ) မြေမြှုပ်မိုင်း အသုံးပြုမှု အခြေအနေ

၂၀၂၃ခုနှစ် အောက်တိုဘာလ ၂၇ရက်နေ့တွင် စတင်ခဲ့သော ရှမ်း/မြောက်ဒေသ ၁၀၂၇ စစ်ဆင်ရေး တစ်နှစ်အတွင်း ဒေသခံပြည်သူများ အဆိုးရွားဆုံး လူ့အခွင့်အရေးချိုးဖောက်မှုခံရသည့် ဖြစ်စဉ်များ အထဲတွင် မြေမြှုပ်မိုင်း ထိခိုက်မှု တစ်ခုလည်း အပါအဝင်ဖြစ်ပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ တပ်စခန်းများ ပတ်ဝန်းကျင်းတွင် မြေမြှုပ်မိုင်း အသုံးပြုမှု (၁၀)ဆအထိ တိုးမြင့်အသုံးပြုလာသည်ကို တွေ့ရှိရသည်။ ၎င်းတို့တပ်စခန်း ပတ်ဝန်ကျင်တွင် မိုင်းများ ထောင်ထားသည့် အပြင် အများပြည်သူ အသုံးပြုသည့် လမ်းများ/ ပြည်သူများ လုပ်ကိုင်စားသောက်သော လုပ်ငန်းခွင် (တောင်ယာ/ လယ်ယာ၊ စိုက်ပျိုးရေးခြံများ)အချို့နှင့် ကျေးရွာအနီးတွင်လည်း မိုင်းများထောင်ထားလျက် ရှိသည်၊



မြောက်ပိုင်းမဟာ မိတ်တပ်များမှ ထိုးစစ်ဆင်နိုင်မည့် လမ်းကြောင်းများ ဟုယူဆထားသည့်နေရာ များတွင် မိုင်းများဖြင့် အကာအရံ လုပ်ထားသည်။ မူဆယ်နှင့် ကွတ်ခိုင်မြို့နယ်မှ ဒေသခံပြည်သူများသည် အကြမ်းဖက်စစ်ကောင်စီ မြှုပ်နှံထားခဲ့သော မြေမြှုပ်မိုင်းကို အဆိုးဝါးဆုံး ခံစားခဲ့ပြီး အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်လက်အင်္ဂါများ ဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်မြောက်များစွာရှိခဲ့ပါသည်။

### *လမ်းလုပ်သားများ မြေမြှုပ်မိုင်းနင်းမိကာ တစ်ဦး သေဆုံးခဲ့ပြီး (၅)ဦး ဒဏ်ရာရခဲ့သည့် ဖြစ်စဉ်*

ကွတ်ခိုင်မြို့နယ် နမ့်ပါခီးကျေးရွာတွင် နေထိုင်သော လမ်းလုပ်သားများသည် မတ်လ (၁၇)ရက်နေ့ မနက်(၁၁)နာရီအချိန် ထမင်းစားရန် ပြင်ဆင်ဖို့ နေရာရွှေ့ပြောင်းနေချိန်တွင် အလုပ်သမားခေါင်းဆောင် မိုင်းနင်းမိခဲ့ရာမှ တစ်ဦး သေဆုံးခဲ့ပြီး (၅)ဦး ဒဏ်ရာရရှိခဲ့ပါသည်။

**"မိုင်းနင်းမိတဲ့နေရာက ကျွန်မတို့ နေ့တိုင်းအလုပ် သွားလုပ်တဲ့ နေရာနဲ့ မလှမ်းမကမ်းပဲ မြေဝေါ်စက်နဲ့ စက်ဆရာတွေ အရင်က မကြာခဏ မြေညှိတဲ့ နေရာဖြစ်တယ်။ သူတို့က မြေမြှုပ်မိုင်းမထိမိကြဘူးလေ၊ အဲကြောင့် ခေါင်းဆောင်လဲ အဲမှာ မိုင်းရှိမယ်မှန်း မသိဘူး။ ကျွန်မတို့ သွားတဲ့ရက်မှာ အဲလမ်းသွားဖို့ ရွေးချယ်လိုက်တာ"**

ကွတ်ခိုင်နှင့် မူဆယ်မြို့နယ်တို့တွင် အရပ်သားပြည်သူများ မြေမြှုပ်မိုင်းကြောင့် ထိခိုက်မှုအများဆုံး ကွတ်ခိုင်မြို့နယ် ဖြစ်ပြီး (၂) ဦး သေဆုံးကာ (၄၈) ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် မူဆယ်မြို့နယ်တွင်လည်း အမျိုးသား (၁၃) ဦးနှင့် အမျိုးသမီး (၃) ဦး ဒဏ်ရာရရှိခဲ့သည်၊

လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုကွန်ယက်မှ စုစည်းထားသည့် စာရင်းအရ ရှမ်းပြည်နယ် မြောက်ပိုင်း အတွင်း ကျား (၇) မ (၃) သေဆုံးကာ ကျား(၈၈) မ (၃၁)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စုစုပေါင်း အပြစ်မဲ့ ပြည်သူ (၁၂၉)ဦး ရှိခဲ့ပါသည်။

မြေမြှုပ်မိုင်းကြောင့် ဒေသခံပြည်သူများ လုပ်ကိုင်စားသောက်နေကြသော တောင်ယာများနှင့် အခြားသော ရာသီပေါ် ဟင်းသီးဟင်းရွက်နှင့် ဆေးဖက်ဝင်သည့် တောထွက်ပစ္စည်းများ သွားရှာရန်အတွက် အခွင့်အရေးဆုံးရှုံးပြီး မိသားစုဝင်များ၏ ဝင်ငွေများကိုလည်းထိခိုက်ကာ ဝမ်းရေးအတွက် အခက်အခဲ ကြုံနေရပါသည်၊ ထို့အပြင် လူသားများသာမက တောရိုင်းတိရိစ္ဆာန်များ၊ ကျွဲနှင့်နွားများ မကြာခဏ မိုင်းနင်းမိပြီး ကျွဲ၊ နွားကျောင်းဖို့နေရာ အတွက်ပင် ရှားပါးပြီး အခက်အခဲပေါင်းစုံ ကြုံတွေ့နေရသည်။

အကြမ်းဖက်စစ်ကောင်စီ တပ်စခန်းများအဖြစ် နေရာယူထားသည့် နေရာအများအပြင် ပြောင်းရွှေ့ သွားပြီဖြစ်သော တပ်စခန်း ဟောင်းနေရာ များတွင်လည်း ၎င်းတို့အသုံးပြုရန် ထောင်ထားခဲ့သော မိုင်းများကို ရှင်းလင်းသွားမှု မရှိသဖြင့် ဒေသခံပြည်သူများမှ ၎င်းမြေမြှုပ်မိုင်းများကို မိမိဘာသာ ရှင်းလင်းမှုများ လုပ်ဆောင်နေရသည်ကို တွေ့ရှိရပါသည်၊

"အခက်အခဲကတော့ နည်းပညာမရှိတာနဲ့ မိုင်းအကြောင်းလည်းအရမ်းနားလည်တာ မဟုတ်တော့ မိုင်းအကြောင်း အရာနဲ့ ပတ်သက်ပြီး စနစ်တကျ သင်တန်းဆင်းပြီးလက်တွေ့ဖောတွေ့ကော လုပ်ဆောင်တာ မဟုတ် တဲ့အတွက် လုပ်နေရင်းနဲ့ မတော်တဆဖြစ်ပြီး ဒဏ်ရာရ မှာကိုလည်း စိုးရိမ်ရတယ်"ဟု ပန်ဆေးကျေးရွာတွင် မိုင်း ရှင်းလင်းရေး လုပ်ဆောင်နေသော ဒေသခံတစ်ဦးမှ ပြောဆိုထား ပါသည်။



# " ကလေးက စစ်ကောင်စီထောင်ထားတဲ့ မြေမြှုပ်မိုင်း (၂၃)လုံးကို အိမ်မှာ ဖြုတ်သိမ်းလာခဲ့တယ် "

## အကြမ်းဖက်စစ်ကောင်စီ၏ မြေမြှုပ်မိုင်းများကို ဖြုတ်သိမ်းနေသောကလေးတစ်ဦး၏ဖြစ်စဉ်

လားရှိုးမြို့ ရပ်ကွက်(၇)တွင် နေထိုင်သော အသက်(၁၃)နှစ်အရွယ်ရှိ ကလေးတစ်ဦးသည် ၂၀၂၄ခုနှစ် ဇူလိုင်လ ၂၈ရက်တွင် အကြမ်းဖက်စစ်ကောင်စီ ထောင်ထားသော မြေမြှုပ်မိုင်းများကို ဖြုတ်ပြီး နေအိမ်သို့ သယ်ဆောင်လာခဲ့သည်။ ဖြုတ်သိမ်းထားသော မိုင်းတစ်လုံးကို ၎င်း၏ သူငယ်ချင်းများ ရှေ့တွင် လက်နှစ်ဖက်ဖြင့် ထုပြနေချိန်မှာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်၊ ထိုပေါက်ကွဲမှုကြောင့် ကလေး (၄)ဦး ထိခိုက်ဒဏ်ရာရ သွားခဲ့သည်။



မိုင်းရှင်းလင်းရေး လုပ်ဆောင်စဉ် ဒဏ်ရာရရှိပုံ



အဆိုပါဖြစ်စဉ်ကို ကလေးအမေဖြစ်သူက "သူက ဟူးမွန်ဆည်ဘက်မှာ စစ်ကောင်စီထောင်ထားတဲ့ မိုင်းတွေ လိုက်ဖြုတ်နေတာ၊ ဖြုတ်ထားတဲ့ မိုင်းအားလုံးကိုလည်း အိမ်အထိ သယ်လာခဲ့တယ်။ ဖြုတ်လာတဲ့ မိုင်းထဲက တစ်လုံးကို သူရဲ့ သူငယ်ချင်းတွေမြင်အောင်လို့ မိုင်းကို လက်နှစ်ဖက်နဲ့ ရိုက်နေချိန်မှာ မိုင်းက ပေါက်ကွဲသွားလို့ သူနဲ့ ကလေးခုသုံးယောက်လဲ ဒဏ်ရာရကြတယ်၊ သူကတော့ ဒဏ်ရာ ပြင်း ထန်တယ် လက်နှစ်ဖက် ဖြတ်ရတဲ့အထိ ဖြစ်တယ် "ဟု ပြောပြခဲ့သည်။





## (ဃ) အရပ်သားပြည်သူများအပေါ်လေကြောင်းဗုံးကြဲတိုက်ခိုက်မှု

၁၀၂၇ စစ်ဆင်ရေး တစ်နှစ်တာ တိုက်ပွဲကာလအတွင်း ရှမ်းပြည်မြောက်ပိုင်းရှိ ပြည်သူများ၏ နေအိမ်များ၊ အများပိုင်အဆောက်အအုံများဖြစ်သော ဘာသာရေးအဆောက်အအုံ၊ ဆေးရုံ၊ ဆေးပေးခန်း၊ ဈေး၊ စာသင်ကျောင်းများ အပါအဝင် (၁,၉၀၅)ကျော် ထိခိုက်ပျက်စီးခဲ့ပြီး အမျိုးသမီးနှင့် ကလေးအပါအဝင် အပြစ်မဲ့ပြည်သူများမှ သေဆုံးသူ (၁၆၄)ဦး၊ ဒဏ်ရာရသူ (၂၃၇)ဦး ရှိပြီး စုစုပေါင်း (၄၀၁) ဦး ထိခိုက်မှု ရှိခဲ့ပါသည်။

ပြင်းထန်သော တိုက်ပွဲများကြောင့် ပြည်သူ့နေအိမ်များ ထိခိုက်ပျက်စီးမှုတွင် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာ ကျေးရွာအုပ်စုအတွင်း (၃၆၆)အိမ်၊ နမ့်ခမ်းမြို့နယ်တွင် (၂၇၆)အိမ်၊ သိန္နီမြို့နယ် ကောင်းပေါ် ကျေးရွာအုပ်စုတွင် (၃၀၀)အိမ်ခန့် ပြည်သူများ နေထိုင်မရသည်အထိ အများဆုံး ထိခိုက်ပျက်စီးမှုရှိကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူအချို့နှင့် အရပ်ဖက်အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင် နေသူများပင် အကြမ်းဖက် စစ်ကောင်စီ၏ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် ကျည်အစများ ထိခိုက်ဒဏ်ရာ ရရှိသူနှင့် အသက်ဆုံးရှုံးသူများ ရှိခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။





ကွတ်ခိုင်မြို့နယ် မန်နောင်ကျေးရွာအုပ်စု တုံဆင်(ဒါင်း) ကျေးရွာအတွင်း ၂၀၂၃ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့ ည(၁၀)နာရီခွဲ ဝန်းကျင်အချိန်တွင် ကွတ်ခိုင်အခြေစိုက် အမြောက်တပ်မှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျရောက် ပေါက်ကွဲမှုကြောင့် ဒေသခံမိသားစုဝင် ၄ဦး ထိခိုက်သည့်အနက် (၃) ဦးသေဆုံးပြီး ကလေးငယ် (၁) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

> " ဒဏ်ရာအပြင်းအထန်ရတဲ့ ယောက်ဖကို ကွတ်ခိုင်ဆေးရုံ သွားပို့နေ တဲ့အချိန် မြို့လယ်တံတား နားရောက်တော့ စစ်ကောင်စီတပ်က သေနတ်နဲ့ ကျတော်တို့ကို လှမ်းပစ် လိုက်သေးတယ်၊ တော်သေးလို့ ကားဘီးဘဲထိပြီး ပေါက်သွားတယ်၊ လက်နက်ကြီး သာဆိုရင် ကားထဲပါတဲ့ ၈ ယောက်လုံး အကုန် သေသွားနိုင်တယ် "

လက်နက်ကြီး ကျရောက်ပေါက်ကွဲသော အနီးအနားတဝိုက်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အကြမ်းဖက် စစ်ကောင်စီက ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများ ရမ်းသမ်းပစ်ခဲ့ကြောင်း ဒေသခံများထံတွင် သိရှိရပါသည်၊

"ကလေးရဲ့ မိဘတွေက အကုန်သေသွားတော့ ကျတော်ကပဲ ကလေးရဲ့ရှေ့ရေးကို တာဝန်ယူသွားရတော့မယ်၊ ကျွန်တော်ဆီမှာပဲ ကြီးလာတဲ့ထိပြုစုစောင့်ရှောက်တော့မယ်၊ ဘယ်လက်နက်ကိုင် အဖွဲ့အစည်းကိုမှ အပြစ်မတင်တော့ပါဘူး၊ ကံတရားလို့ပဲ သဘောထားလိုက်တော့မယ်"ဟု ရင်းမှ ဆက်ပြောခဲ့သည်။



## (င) လမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှု

၁၀၂၇ စစ်ဆင်ရေး စတင်သည့် အချိန်မှစ၍ နေ့စဉ်တိုက်ပွဲများ ပြင်းထန်နေသော ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သော ခရီးသွားလာရေးနှင့် ဆက်သွယ်သတင်းအချက်အလက် ရရှိရေးတို့မှာ (လုံးဝ) ပျက်တောက်သွားပြီး ယနေ့အချိန်ထိ သတင်းအချက်အလက် ရရှိရေးအတွက် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ နေရပါသည်။ လမ်းခရီးများ ပျက်စီးတောက်သွားသည့် အတွက်ကြောင့် ကုန်စျေးနှုန်းမှာလည်း တပြိုင်နက်မြှင့်တက်လာ ခြင်းကို ပြည်သူများ တွေ့ကြုံခံစား နေရပါသည်။

ပြည်ထောင်စုလမ်းမကြီးကို အသုံးပြုပြီး သွားလာခွင့် မရခြင်းတို့ကြောင့် တောလမ်းခရီးများဖြင့်သာ ကုန်စည်စီးဆင်းမှုနှင့် ခရီးသည်သယ်ဆောင်မှုအတွက် ကားခနှင့် ကုန်စျေးနှုန်းများ အဆမတန်မြင့်မား လာသည်။

ထို့အပြင် ဖုန်းလိုင်း အင်တာနက်လိုင်းများ ဖြတ်တောက်ထားသည့်အတွက် သတင်းအချက်အလက် ရရှိမှုမှာလည်း ယနေ့အထိ အခက်ခဲများ ကြုံတွေ့နေရပါသည်။



မန်တုံမြို့နှင့် နမ့်ဆန်မြို့ တို့ ဆက်သွယ်အသုံးပြုသည့် လမ်းတွင် ခရီးသည်များ သွားလာနေပုံ



ကွတ်ခိုင်မြို့ တွင် ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ရှာဖွေ အသုံးပြုနေပုံ

## (ဆ) ကျန်းမာရေးနှင့် ပညာရေး အခြေအနေများ

ကျန်းမာရေးနှင့် ပညာရေးသည် လူသားတို့၏ မရှိမဖြစ် လိုအပ်သည့် အခြေခံအကျဆုံးသော အခွင့်အရေးများ ဖြစ်သည်ဟု လူသားတိုင်း မှတ်သားခံယူထားသည့် အရာဖြစ်ပါသည်။ သို့သော်လည်း ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများပြင်းထန်လာသည်နှင့်အမျှ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများကို ပိတ်လိုက်ခြင်း တို့ကြောင့် ပြည်သူများမှာ ဆေးကုသရန်အခက်အခဲရှိပြီး ကလေးများလည်း ကျောင်းမတက်နိုင်ခဲ့ဘဲ အဆိုပါ အခွင့်အရေးများကို ဆုံးရှုံးနေရပါသည်၊

ထို့နောက် တိုက်ပွဲများဖြစ်ပွါးခြင်း မရှိဘဲ အကြမ်းဖက်စစ်ကောင်စီသည် လေယာဉ်အသုံးပြု၍ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် စာသင်ကျောင်း (၁၂)ကျောင်းနှင့် ဆေးရုံ/ဆေးပေးခန်း (၆)နေရာ ထိခိုက်ပျက်စီးမှု ရှိကြောင်း မှတ်တမ်းတင်ထားသည်။



မိုးမိတ်ဆေးရုံ လက်နက်ကြီး ထိခိုက်မှု ပုံ



မူဆယ်မြို့နယ် ပန့်ဆေးရွာ စာသင်ကျောင်း ထိခိုက်ပျက်စီး ပုံ

## နိုင်ငံတကာ အစိုးရနှင့် အဖွဲ့ အစည်းများထံ တောင်းဆိုချက်များ

(က) အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်ဆက်နွယ်သည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို တွေ့ဆုံဆွေးနွေးခြင်း၊ ဆက်ဆံဆောင်ရွက်ခြင်းများ မပြုလုပ်ရန်။

(ခ) အကြမ်းဖက်စစ်ကောင်စီ၏ ယန္တရားလည်ပတ်ရန် အထောက်အပံ့ဖြစ်စေသော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို တားဆီး ပိတ်ဆို့ပေးရန်။

(ဂ) အကြမ်းဖက်စစ်ကောင်စီမှ အရပ်သားပြည်သူများကို ရည်ရွယ်ချက်ရှိရှိ ဦးတည်ပြီး လေကြောင်းအသုံးပြု တိုက်ခိုက်ခြင်းရပ်တန့်ရန် လေယာဉ်ဆီတင်သွင်းခြင်း၊ ရောင်းချခြင်းများ (လုံးဝ) မပြုလုပ်ရန်။

(ဃ) အကြမ်းဖက်စစ်ကောင်စီကို တော်လှန်နေသည့် တော်လှန်ရေး အင်အားစုများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကူညီထောက်ပံ့ပေးရန်။

(င) စစ်ရာဇဝတ်မှုများ ကျူးလွန်နေသော အကြမ်းဖက်စစ်ကောင်စီကို အပြစ်ပေးအရေးယူမှု လုပ်ဆောင်နိုင်ရန် ပြည်တွင်းရှိ လူ့အခွင့်အရေးအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းနှင့် ပူးပေါင်းရန်။

(စ) အိမ်နီးချင်းနိုင်ငံများမှ အကြမ်းဖက်စစ်ကောင်စီနှင့် နိုင်ငံရေးအရဖြစ်စေ စီးပွားရေးအရဖြစ်စေ ပူးပေါင်းဆောင် ရွက်မှုများ မပြုလုပ်ရန်နှင့် ပြည်သူလူထုများကို လူသားချင်းစာနာ ထောက်ပံ့မှုများ ကူညီပေးရန်။

(ဆ) ထိခိုက်နစ်နာသူများအား ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာထောက်ပံ့မှုများ လုပ်ဆောင်နိုင်ရန် အတွက် ဒေသအတွင်းရှိ CSO များကို တိုက်ရိုက်ချိတ်ဆက်ဆောင် ရွက်ပေးရန်။